ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင် မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ထံသို့ ပေးပို့သော အိတ်ဖွင့်ပေးစာ

၇ ရက်၊ ဇွန်လ၊ ၂၀၂၁ ခုနှစ်

လေးစားပါရသော အဆွေတော် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ

ယနေ့ တရုတ်-အာဆီယံ ဆွေးနွေးပွဲ ဆက်ဆံရေးများ၏ နှစ် (၃၀) ပြည့် အထိမ်းအမှတ်နေ့မှာ ချစ်ကြည်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရသည် တရုတ်သံရုံး၏ ဇွန်လ (၅) ရက် စနေနေ့က မင်းအောင်လှိုင်နှင့် အစည်းအဝေးသာမက နောက်ဆက်တွဲ သတင်းထုတ်ပြန်ချက်ကိုပါ မှတ်သားခဲ့ပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် မကြာခင် ချုံကျင်းတွင် ဇွန်လ (၇-၈) ရက် အတွင်း ကျင်းပမည့် တရုတ်-အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် လန်ကန်-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဝန်ကြီးများ အစည်းအဝေး အတွက် ပြင်ဆင်မှုများကိုလည်း သတိပြု လေ့လာထားပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံအတွင်းရှိ လက်ရှိအကျပ်အတည်းအရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် တရုတ်နိုင်ငံသည် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ရန် ကြိုဆိုပြီး လက်ရှိအခြေအနေသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခု ထင်ဟပ်စေခြင်းအပေါ် တရုတ်နိုင်ငံ၏ စိုးရိမ်မှုများနှင့် တန်းတူ စိတ်ပူမိပါသည်။ ထိုသို့ရှိသော်လည်း အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တရုတ်နှင့် အာဆီယံတို့သည် ဖြေရှင်းနည်းတစ်ခုကို ရှာဖွေရန် ကြိုးစားရာတွင် အမျိုးသားညီညွတ်ရေး အစိုးရအား လုံလောက်စွာ ထိတွေ့ဆွေးနွေးခြင်း မပြုခဲ့သည့်အပေါ် များစွာ စိုးရိမ်ပူပန်ပါသည်။

အထူးသဖြင့် အမျိုးသားညီညွတ်ရေးအစိုးရသည် အဆွေတော် နိုင်ငံခြားရေးဝန်ကြီးအား အောက်ပါ စိုးရိမ်ပူပန်မှုများ အကြောင်း တင်ပြလိုပါသည်။

- အမျိုးသားညီညွတ်ရေးအစိုးရသည် တရုတ်သံရုံး၏ သတင်းထုတ်ပြန်ချက်တွင် မင်းအောင်လှိုင်အား မြန်မာနိုင်ငံ၏ "ခေါင်းဆောင်" အဖြစ် ရည်ညွှန်းသည့်အပေါ် လေးနက်စွာ ရှုံ့ချပါသည်။ မင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မတရားအာဏာသိမ်းမှု တစ်ခုမှတဆင့် အာဏာရယူရန် ကြိုးစားခဲ့သည်။ ၎င်းသည် နိုင်ငံ၏ တရားဝင် ခေါင်းဆောင် မဟုတ်သည့်အပြင် အကြမ်းဖက်မှုကို အသုံးချ၍ နိုင်ငံကို ထုံးနည်းစံကျမဟုတ်၊ အလွတ်သဘော de facto ထိန်းချုပ်မှုရယူရန်

ကြိုးစားမှုများလည်း မအောင်မြင်ဘဲ မြန်မာနိုင်ငံသားများ ထောင်နှင့်ချီ၍ အသက်ဆုံးရှုံးမှုသာမက ပြည်တွင်းစစ်ရှောင် ဒုက္ခသည် တစ်သိန်းကျော်သည့် ရလဒ်သာ ရှိသည်။

- တရုတ်-အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၃၀) နှစ်ပြည့် အခမ်းအနား ပွဲများကို စီစဉ်ကျင်းပရာတွင် တရုတ်နိုင်ငံနှင့် အာဆီယံနှစ်ဦးလုံးသည် အမျိုးသားညီညွတ်ရေးအစိုးရအား ပါဝင်ဆွေးနွေးရန် ပျက်ကွက်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများသည် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံသာမက နိုင်ငံပေါင်းစုံစင်မြင့်များမှတဆင့်ပါ အပြုသဘောဆောင်သော ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းကို မျှော်မှန်းထားကြသည်။ တရုတ်အစိုးရအနေဖြင့် မင်းအောင်လှိုင် တည်ထောင်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာပြည်သူလူထုကို ကိုယ်စားမပြုကြောင်းနှင့် ၎င်းကို မြန်မာနိုင်ငံ၏ အစိုးရအဖြစ် တရားဝင် ဖြစ်ရန် ကြိုးပမ်းအားထုတ်မှုများကြောင့် နှစ်နိုင်ငံအကြား ပြည်သူလူထုမှ ပြည်သူလူထုသို့ ဆက်ဆံရေးများကို ထိခိုက်ပျက်စီးစေနိုင်သည့် အန္တရာယ်ရှိကြောင်း မှတ်ယူသင့်ပါသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့်အတူ ယခုအခါ လန်ကန်-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး (LMC) ၏ ပူးတွဲသဘာပတိ ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ အမျိုးသားညီညွတ်ရေးအစိုးရအား တိုင်ပင် ဆွေးနွေးရန် ပျက်ကွက်ခဲ့ပြီး မင်းအောင်လှိုင်၏ တရားမဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့်အတူ LMC ပြင်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်နေသည့်အတွက် ကျွန်ုပ်တို့ အထူး လေးနက်စွာ စိုးရိမ်မိပါသည်။ ဤသို့လုပ်ခြင်းကြောင့် အရေးကြီးသော ဒေသတွင်း အဖွဲ့အစည်း တစ်ခုအတွင်း မြန်မာနိုင်ငံ၏ ပါဝင်ဆွေးနွေးဆောင်ရွက်မှုကို ထိခိုက်လျော့နည်းစေရုံမျှမက အရေးကြီးသော ဒေသတွင်း လုံခြုံရေး ခြိမ်းခြောက်မှုများကို ကိုင်တွယ်ရန် LMC ၏ စွမ်းဆောင်ရည် ကိုပါ ဆက်လက် ခြိမ်းခြောက်ပါသည်။ တရုတ်နိုင်ငံသည် LMC အတွင်း မြန်မာနိုင်ငံ၏ ပါဝင် ဆောင်ရွက်မှု ဆိုင်းငံ့ခြင်းကို စဉ်းစားသင့်ပြီး LMC ၏ ကြိုးပမ်းအားထုတ်မှုများကို မြန်မာနိုင်ငံတွင် ရွေးကောက်တင်မြှောက်ခံထားရသော အစိုးရ ပြန်လည်နေရာရှိရေးကို ပံ့ပိုးရာတွင် အလေးထား လုပ်ဆောင်သင့်ပေသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွင်း အကျပ်အတည်းပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် အာဆီယံကို ဆက်လက် ပံ့ပိုးပေးထားသော်လည်း ယခုအချိန်အထိ တိုးတက်မှု အလွန်နည်းပါးသည်။ ဤသို့ မအောင်မြင်မှု၏ အဓိကအချက်မှာ မင်းအောင်လှိုင်အား တာဝန်ခံစေနိုင်မည့်၊ ဖြစ်လာမှ တုံ့ပြန်ခြင်းထက်၊ ဖြစ်အောင် အခြေအနေကို ဖန်တီးယူသည့်နည်းဖြင့် ၎င်းအား ဆွေးနွေးမှုမှတဆင့် ငြိမ်းချမ်းစွာ အကျပ်အတည်းကို အဆုံးသတ်ရန် အဆင့်များကို လုပ်အောင် ဖိအားပေးမည့် ယန္တရားတစ်ရပ် မရှိခြင်း ဖြစ်သည်။ မင်းအောင်လှိုင်က နိုင်ငံအတွင်း တည်ငြိမ်မှု ရမှသာလျှင် အာဆီယံ၏ ကြိုးစားအားထုတ်မှုများ စတင်နိုင်ကြောင်း ပြောကြားခဲ့ပြီး ဤရပ်တည်မှုကို တရုတ်နှင့် အာဆီယံနှစ်ဘက်လုံးမှ ပြင်းထန်စွာ ငြင်းပယ်ထားသင့်သည်။

တရားဝင်သော အစိုးရသို့ အာဏာ ပြန်လည် မအပ်နှင်းသ၍ တည်ငြိမ်မှု လုံးဝ ရှိလိမ့်မည် မဟုတ်သောကြောင့် ဤရပ်တည်မှုကို နှုတ်ဆိတ်ခြင်းအားဖြင့် ထောက်ခံမှုကြောင်း ပြသရာ ရောက်ပြီး အရှေ့တောင်အာရှတွင် ရေရှည် လုံခြုံရေး အကျပ်အတည်းတစ်ခု ဖြစ်ပေါ်စေလိမ့်မည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဟိုင်းနှင့် ဤအရေးကိစ္စများအကြောင်း ဆွေးနွေးရန် မျှော်မှန်းထားပြီး သံအမတ်ကြီးအတွက် အဆင်ပြေသော အချိန်တွင် ဆွေးနွေးရန် အချိန်ပေးနိုင်ပါသည်။

လေးစားစွာဖြင့်

ဒေါ်ဇင်မာအောင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်